# ကံ့ကော်ဥဒါန်း

တက္ကသိုလ်
မြကျွန်းသာသည်
စာအံသံတိတ်ဆိတ်
စကားသံဆိတ်လျှက်
လိပ်ပြာခြောက်လှန့်
သွေးညှီနံ့တို့ဖြင့်
စို့နင့်ကွဲကြေ
သင်တို့ရဲ့ခြေရာကိုရှာဖွေမိပေါ့ ။

အမိရင်ခွင်
ဘွဲ့နှင်းသဘင်သည်
နာကျင်ငိုညည်းလျှက်
ရက်စက်ယုတ်မာတဲ့
စစ်အာဏာရှင်တွေလက်ချက်
ရွက်နညာရွှေ
အကြွေစောခဲ့နေ့ရက်များ ။

အဓိပတိ
အပူမိလျှက်
ရွက်ခြောက်ကြွေသော
ကံ့ကော်တောသည်လည်း
လွမ်းမောခြောက်သွေ့
တမြေ့မြေ့နဲ့နွမ်းခဲ့ ။

သစ်ပုတ်ပင်အို
ဟိုးအရင်လို
မရွှင်မပြ
မလှပတော့
မြသားစိမ်းစိမ်း
မြစိမ်းသစ်ရွက်
မြေသက်ကြွေခ
အထီးကျန်ရပြီ ။

ဂျပ်ဆင်ထိပ်က
လရိပ်ပြာလည်း
မသာနိုင်တော့ပြီ
မျက်ရည်မိုးတိမ်
ကွယ်ပြီထင့် ။



အင်းလျှားရေပြင်
မကြည်လင်တော့
ဘောင်ဘင်ခတ်သံ
ငိုရှိုက်သံလား
ထင်ယောင်မှားမိ
တံတားရှိရာ
ခြေရာသံများ
မှားထင်ငံ့လင့်
နင့်ကြွေကွဲလျှ
ရှိုက်ငိုရသောနေ့ရက်များ ။

ထလော့အိုးဝေ
အိုးဝေထလော့
တကြော့ပြန်သီ
ရောဝတီကို
သက်သေတည်လျှက်
မနက်ဖြန်မနက်
ခွပ်ဒေါင်းအလံနဲ့စစ်ထွက်
ရှစ်လေးလုံးစစ်ကြောင်းနဲ့ချီတက်မယ် ။ ။

(ဗမာပြည် အနယ်နယ် အရပ်ရပ်မှာ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်နေကြတဲ့ ရဟန်းသံဃာတော်များ ကျောင်းသားလူငယ်များနဲ့ ဒီမိုကရေစီတိုက်ပွဲဝင်ညီအကိုတော်များကို ဤကဗျာဖြင့် ဦးညွှတ်ဂုဏ်ပြုပါသည်)

နီလွင်သွေး(ဒသနိက)
အောက်တိုဘာ ၊ ၂၇ ၊ ၂၀၁၀
သောကြာနေ့